# ဗုဒ္ဓဓာတ်တော်များ ကမ္ဘာအနှံ့ခရီးဆန့်ပြီ

အရှင်ကေလာသ

ဗုဒ္ဓသာသနာတော်သည် ကမ္ဘာတစ်လွှားသို့ ငြိမ်းချမ်းစွာ ပြန့်ပွားလာသည်နှင့်အမျှ ဗုဒ္ဓစာပေများ၊ ရဟန်းတော်များကိုလည်း နိုင်ငံတကာတွင် တွေ့မြင်လာကြရသည်။ မကြာသေးမီအချိန်က ဗုဒ္ဓ၏ဓာတ်တော်မွေတော်များ ကမ္ဘာတစ်ခွင်သို့ လှည့်လည်ကြွချီသည့် သတင်းများကို ကမ္ဘာ့သတင်းစာများ၌ ဖတ်ရှုရသည်။ သို့ဖြစ်၍ ဗုဒ္ဓဓာတ်တော်မွေတော်များအကြောင်း ကမ္ဘာ့သတင်းစာတို့၌ ဖော်ပြထားပုံအချို့ကိုထုတ်နုတ်၍ ဖော်ပြလိုပါသည်။ ရှေးဦးစွာ အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသည့် ဝါရှင်တန်ပို့စ်သတင်းစာ၌ အမေရိကန်ပြည်နယ်အချို့တွင် ဗုဒ္ဓဓာတ်တော်များကို ပြသထားမည့်အကြောင်း သတင်းထောက် ဘီလ်ဗရုတ်ဒ်ဝေး ရေးသားပုံမှာ ဤသို့ဖြစ်သည်-

ယခုနှစ် ဆောင်းဦးပေါက်ရာသီတွင် ကမ္ဘာ့ဘာသာကြီးများ၌ပါဝင်သည့် ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ သိဒ္ဓတ္ထဂေါတမဗုဒ္ဓ၏ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော် အချိန်က ဓာတ်တော်များကို ကြုံတောင့်ကြုံခဲ ဖူးမြော်ခွင့်ရသူများအဖို့ အံ့သြဖွယ်ဖြစ်ပါလိမ့်မည်။

အခြားများစွာသော ဘာသာတရားဆိုင်ရာ သူတော်စင်တို့၏ အရိုးများနှင့်မတူဘဲ ဗုဒ္ဓ၏ဓာတ်တော်များတွင် ပုလဲလုံးကဲ့သို့သော ဓာတ်တော်များပါဝင်သည်။ ပုံဆောင်ခဲအသွင်ရှိသော အဆိုပါဓာတ်တော်များသည် ရဟန္တာပုဂ္ဂိုလ်များကို မီးသင်္ဂြိုဟ်သောအခါ ဖြစ်ပေါ်လာပြီး နှလုံးသား၊ ပန်းပွင့်၊ ခရုသင်းနှင့် အခြားပုံသဏ္ဌာန်များအသွင်* ကျန်ရစ်သည်ဟုဆိုသည်။ ဓာတ်တော်အဖြစ် တည်ရှိခြင်းမှာ ထိုရဟန္တာသူတော်စင်များ၏ ကိလေသာ(စိတ်အညစ်အကြေး)မှ အမှန်တကယ် လွတ်မြောက်မှုကို ပေါ်လွင်စေသည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြသည်။

သကျမုနိဗုဒ္ဓဟုလည်း ခေါ်တွင်သည့် ဂေါတမဗုဒ္ဓ၏ အရိုးအပိုင်းအစများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းသဖွယ် သွေးသားအစိုင်အခဲ ဓာတ်တော်များနှင့် အခြားရဟန္တာ သူတော်စင်များ၏ ဓာတ်တော်များကို ဝါရှင်တန်မြို့ ဂီအက်ဟိုအန် တိဗက်ဘုရားကျောင်း၌ ပြသထားသည်။ ရှေ့လတွင် အဆိုပါ ဓာတ်တော်များကို မြောက်ကာရိုလိုင်းနားပြယ်နယ် ချာလိုတီ(Charlotte)မြို့၊ ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့၊ ဖလော်ရီဒါပြည်နယ် အိုလန်ဒိုမြို့နှင့် တက္ကဆပ်စ်ပြည်နယ် ဒါးလက်စ်မြို့တို့၌ ခင်းကျင်း ပြသထားမည်ဟု သိရသည်။

ဗုဒ္ဓ၏ဓာတ်တော်များ စစ်မှန်ကြောင်း အာမခံပါသလားဟု မေးမြန်းကြည့်သောအခါ မန်ချက်ချူးဆပ်စ် နည်းပညာတက္ကသိုလ် (M.I.T.)မှ ဧည့်ပညာရှင်လည်းဖြစ် ဗုဒ္ဓဘာသာ ရဟန်းတော်လည်းဖြစ်သူ တင်ဇန်ပိယဒဿီ သုခလ ပုဂ္ဂိုလ်က‘ဒါဟာမေးသင့်တဲ့ မေးခွန်းပါပဲ’ ဟုဆိုသည်။ လွန်ခဲ့သော(စက်တင်ဘာ)လက တိဗက်ဘာသာရေး ခေါင်းဆောင် ဒလိုင်းလားမား အမေရိကသို့လည်ပတ်ချိန် အတွင်း ဓာတ်တော်များကို ထိုတက္ကသိုလ်၌ ပြသခဲ့ဖူးသည်။

ဓာတ်တော်ကြုတ်ကို ကြည့်ရှုလာသူများ၏ ဦးခေါင်းပေါ်တွင်ထားလျက် ဆုတောင်းမေတ္တာ ပို့သပေးသူ သုခလရဟန်းတော်က မိမိအနေဖြင့် အိန္ဒိယမြောက်ပိုင်း မိတ္တေယျစီမံကိန်း(Maitreya Project)မှ ဦးဆောင်ပြုလုပ်သည့် ဟဒယစေတီယဓာတ်တော်များ လှည့်လည်ပြသပွဲ (Heart Shrine Relics Tour Exhibit)တွင် ပါရှိသည့် (ဓာတ်တော်) ပစ္စည်းများ၏ စစ်မှန်မှုကို မေးမြန်းခဲ့ပြီးဖြစ်ကြောင်းဆိုသည်။

ဗုဒ္ဓဓာတ်တော်များ တည်ရှိဆဲဖြစ်သည့် အိန္ဒိယနှင့် နီပေါနိုင်ငံများ၌ စေတီတော်များတည်ဆောက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သူ သုခလရဟန်းတော်က ယခုပြသထားသည့် ဓာတ်တော်များမှာ သကျမုနိဗုဒ္ဓ၏ ဓာတ်တော်အစစ်အမှန်များ ဖြစ်ကြောင်း၊ ဤဗုဒ္ဓဓာတ်တော်များမှာ အခြားနေရာအားလုံးတွင်တွေ့ရသည့် ဓာတ်တော်များနှင့် သွင်ပြင်တူညီကြောင်း ဆိုသည်။

ကမ္ဘာအနှံ့ရှိ ဘုရားကျောင်းများ၌ ဗုဒ္ဓဓာတ်တော်များရှိကြပြီး အထူးနေ့ရက်များ၌သာ ယင်းဓာတ်တော်များကို အများပြည်သူ ရှုမြင်နိုင်အောင် ပြသကြသည်။ သို့ရာတွင် ဓာတ်တော်များကို လှည့်လည်ပြသမှုမှာ ရှားပါးသည်သာမက ဓာတ်တော်အများအပြားကို ယခုဓာတ်တော်များကဲ့သို့ လှည့်လည်ပြသခြင်း လုံးဝမရှိခဲ့ဖူးဟု ၎င်းကဆိုသည်။

ဓာတ်တော်များကို ဖူးမြော်ရခြင်းသည် မင်္ဂလာရှိပါကြောင်း၊ ဗုဒ္ဓသက်တော်ထင်ရှား မရှိတော့သဖြင့် ယင်းဓာတ်တော်များမှာ သက်တော်ထင်ရှားမြတ်ဗုဒ္ဓနှင့် ပမာတူကြောင်းလည်း အဆိုပါ ရဟန်းတော်ကဆိုသည်။

ဝေးစ်လေယန်တက္ကသိုလ်မှ လူသိများသည့် ပါမောက္ခတစ်ဦးဖြစ်ပြီး တိဗက်ဗုဒ္ဓဘာသာကို လိုက်နာကျင့်သုံးသူ ပညာရှင် ဂျန် ဝီးလစ်စ် (Jan Willis)က ဗုဒ္ဓဘာသာဝင်မဟုတ်သူများအနေဖြင့် ရုပ်လောကကို ကျော်လွန်ခြင်း၏ အရေးပါမှုကို ဟောကြားသည့် ဘာသာတရားသည် ဓာတ်တော်များကို အလေးဂရုပြုခြင်းအတွက် အံ့သြဖွယ် တစ်

---

* မြတ်စွာဘုရား၏ အလောင်းတော်ကို မီးရှို့သောအခါ အသား၊ အရေ၊ အကြော၊ အစေးတို့သည် ပြာမဖြစ်၊ မှိုင်းမဖြစ်ဘဲ သရီရဓာတ်တော် ဖြစ်သွားသည် (ဒီ-မြန် ၂၊ ၁၅၇)။ ဓာတ်တော်များသည် မြတ်လေးပန်း၊ သန့်စင်သည့်ပုလဲ၊ ရွှေအဆင်းသဏ္ဌာန်ရှိသည်။ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ဥဏှာလုံမွေးရှင်တော် ပေါင်း ၇-ဆူမှာ ပကတိအတိုင်းကျန်ပြီး ကျန်ကိုယ်ခန္ဓာ အစိတ်အပိုင်းများမှာ အငယ်ဆုံး မုန်ညင်းစေ့၊ အကြီး ဆန်ကျိုး၊ အကြီးဆုံး ပဲနောက်စေ့ကျိုးခန့် ပမာဏရှိသော ဓာတ်တော်များ ဖြစ်သွားသည်(ဒီ-ဋ ၂၊ ၁၉၆)။

ရပ်ဖြစ်သွားနိုင်သည်၊ သို့ရာတွင် ဗုဒ္ဓဓာတ်တော်များသည် ဘုရားခန်းများ သို့မဟုတ် အခြားအလေးပြုရာနေရာများ၌ ကိန်းဝပ်ပါက အရိုအသေပြုခံရသည့်နေရာ ဖြစ်သွားပြီး ယင်းသည် ကြည်ညိုသူတစ်ယောက်အဖို့ အသက်ရှိစဉ်က ကိုယ်တိုင်လည်း သဗ္ဗညုတဉာဏ်ကို ရရှိခဲ့သည်သာမက အခြားပုဂ္ဂိုလ်များအားလည်း အသိဉာဏ်ပွင့်လန်းအောင် ကူညီခဲ့သော ဆရာအရှင်(ဗုဒ္ဓမြတ်စွာ)အား ပိုမိုနီးကပ်စွာ သိမြင် ခံစားနိုင်မည်ဖြစ်သည်ဟု ဝီးလစ်စ်က ဆိုသည်။

အမေရိကန်ပြည်ထောင်စု၌ လူဦးရေ ၂၇၈ သန်း (၂၀၀၁)ရှိပြီး အွန်လိုင်းသတင်းတစ်ခု၌ဖော်ပြသည့် ၂၀၀၀-ပြည့်နှစ် ဇယားအရ ခရစ်ယန် ၇၈-ရာနှုန်း၊ ဘာသာမဲ့ ၁၃-ရာနှုန်း၊ ဖန်ဆင်းရှင်မဲ့ ၂-ရာ နှုန်း၊ ဂျူး ၁-ရာနှုန်း၊ ဗုဒ္ဓဘာသာ ၀. ၅-ရာနှုန်း၊ မူဆလင် ၀. ၅-ရာနှုန်း ရှိသည်။ ဖန်ဆင်းရှင်မဲ့(ဖန်းဆင်းရှင်ကိုမယုံသူ) ၂-ရာနှုန်းအနက် သုံးပုံနှစ်ပုံလောက်မှာ ဗုဒ္ဓတရားကိုလိုက်နာသူ သို့မဟုတ် ယုံကြည် စိတ်ဝင်စားသူများ ဖြစ်မည်ဟု ထင်ပါသည်။

ယခုနှစ် (ခရစ် ၂၀၀၃)၊ ဇွန်လတုန်းကလည်း တောင်အမေရိကတိုက် အနောက်စွန်းရှိ ချီလီနိုင်ငံသို့ ဗုဒ္ဓဓာတ်တော်များ ကြွရောက်ခဲ့သည်။ ချီလီနိုင်ငံတွင် ရိုမန်ကက်သိုလစ် ၈၉-ရာနှုန်း၊ ပရိုတက်စတင့် ၁၁-ရာနှုန်း ရှိသည်။ ချီလီနိုင်ငံသားတို့ ဗုဒ္ဓဓာတ်တော်နှင့် ပတ်သက်၍ ခံစားချက်ကို ရိုက်တာသတင်းတစ်ပုဒ် (ဇွန်လ ၂၈၊ ၂၀၀၃) ၌ အောက်ပါအတိုင်း ဖတ်ရသည်-

ကမ္ဘာ့ငြိမ်းချမ်းရေးခရီးစဉ်၏ တစ်စိတ်တစ်ဒေသ အဖြစ် ကက်သိုလစ် ခရစ်ယန်ဘာသာဝင် အများစုနေထိုင်ရာ ချီလီနိုင်ငံသို့ ပင့်ဆောင်လာခဲ့သည့် ဗုဒ္ဓ၏ဓာတ်တော်များကိုဖူးမြော်ရန် ချီလီနိုင်ငံသား ရာပေါင်းများစွာတို့ တန်းစီလျက်ရှိကြသည်။ ရဲနှင့်လုံခြုံရေးဝန်ထမ်းများ လိုက်ပါစောင့်ကြပ်လျက် ဗုဒ္ဓဘာသာရဟန်းတော်များသည် ရွှေကြုတ်တော်ကြီးတွင် ထည့်သွင်းအပူဇော်ခံထားသော သက်တမ်းနှစ် ၂၅၀၀ ကျော်ခန့်ရှိပြီဖြစ်သည့် ဗုဒ္ဓဓာတ်တော်များကို ချီလီနိုင်ငံ၊ ဆန်တီယာဂိုမြို့တော် ယဉ်ကျေးမှုပြတိုက်ကြီးအတွင်းရှိ ခမ်းနားစွာ တန်ဆာဆင်ထားသည့် စင်မြင့်ပေါ်သို့ ပင့်ဆောင်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် တရားဓမ္မများရွတ်ဆိုပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ဗုဒ္ဓဘာသာဝင်များသည် ချီလီတွင်လူနည်းစု ဖြစ်သော်လည်း ဤဖန်ပေါင်းချောင်အတွင်းမှ ရွှေခွက်ငယ်အပြည့်ရှိ ဗုဒ္ဓဓာတ်တော်များကို အုန်းအုန်းကျွက်ကျွက်လာရောက် ဖူးမြော်ကြသည်မှာ အံ့အားသင့်စရာကောင်းကြောင်း ရိုက်တာသတင်းထောက်က ရေးသားသည်။

"ဒါဟာ ဘဝတစ်သက်တာမှာ ရတောင့်ရခဲ အခွင့်အရေးပဲ။ ကက်သိုလစ်ခရစ်ယန်ဘာသာဝင်များ ဂျေရုဆလမ်မြို့သို့ သွားကြသလိုပေါ့"ဟု ချီလီလူမျိုး ဗုဒ္ဓဘာသာဘုန်းတော်ကြီး အရှင်လူးဝစ်ဖလောရက်စ် (Luis Flores)က သတင်းထောက်အား ပြောကြားသည်။

အဆိုပါ ဗုဒ္ဓဓာတ်တော်များကို မြန်မာ၊ သီရိလင်္ကာနှင့် ယိုးဒယားနိုင်ငံတို့က ၁၉၉၉-ခုနှစ်တွင် ကုလသမဂ္ဂသို့ လှူဒါန်းခဲ့သည်။ ယင်းနှစ်တွင် ကုလသမဂ္ဂက ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီးတစ်ခုအဖြစ် တရားဝင်အသိအမှတ်ပြုပေးခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်ဗုဒ္ဓနေ့လည်း တရားဝင် ကမ္ဘာ့ကုလသမဂ္ဂ၏ ရုံးပိတ်ရက်ဖြစ်သွားသည်။

သမိုင်းတွင် ထင်ရှားခဲ့သည့် ဗုဒ္ဓရှင်တော်မြတ် သို့မဟုတ် သိဒ္ဓတ္ထဂေါတမဗုဒ္ဓကို ယခုအခေါ် နီပေါနိုင်ငံတွင် မင်းမျိုးမင်းနွယ်မှ ဘီစီ ၅၆၃ (ထေရဝါဒနိုင်ငံတို့အလို ဘီစီ ၆၂၃)တွင် ဖွားမြင်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓသည် အသက် ၃၅-နှစ်တွင် ဗောဓိဉာဏ်ကိုရရှိခဲ့ပြီး ဘဝတစ်လျှောက်လုံး တရားဓမ္မများ ဟောကြားလျက် သက်တော် ၈၀-တွင် ပရိနိဗ္ဗာန်စံလွန်သည်ဟု ဆိုကြသည်။

တင်းကြပ်သည့် အစောင့်အကြပ်များဖြင့် ၁၅-နိုင်ငံမျှ ဒေသစာရီကြွချီခဲ့ပြီးဖြစ်သည့် ဓာတ်တော်များသည် နောက်နှစ် (၂၀၀၄-နှစ်) မေလမှစတင်၍ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ အမြဲတမ်း ကိန်းဝပ်စံပယ်မည်ဖြစ်သည်။

တိဗက်လူမျိုး ရောဂါကုသသူ လားမားဘုန်းကြီး ဂန်ချင် ရင်ပိုချီ (Gangchen Rinpoche)က ဤဓာတ်တော်များကို တိဗက်ရှိမိမိကျောင်းသို့ ရေရရှိရေးအတွက် ကူညီပေးခဲ့သည့် အင်ဂျင်နီယာအုပ်စုတစ်စုအပါအဝင် မိမိမိတ်ဆွေများ၏စေတနာကို တုံ့ပြန်ရန် ချီလီနိုင်ငံသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

'ဗုဒ္ဓ၏ဓာတ်တော်များ ချီလီသို့ကြွရောက်ခြင်းမှာ ဗုဒ္ဓဘာသာဝင်များအတွက်သာမဟုတ်ဘဲ အားလုံးအတွက် ဖွင့်ထားကြောင်း၊ အကြောင်းမူ ဗုဒ္ဓကိုယ်တိုင်က လူသား အားလုံးကို ပွင့်လင်းစွာ ဖိတ်ခေါ်ခဲ့ကြောင်း၊ ဓာတ်တော်များသည် အကြမ်းမဖက်မှုကို တည်ဆောက်ရန် အထောက်အပံ့ပြုလိမ့်မည်ဖြစ်ကြောင်း' အဆိုပါ လားမားဘုန်းတော်ကြီးက ရိုက်တာသို့ မိန့်ကြားသည်။

ဗုဒ္ဓဓာတ်တော်များကို ဖူးမြော်ရန် စင်မြင့်ပေါ်သို့ ပထမဆုံးရောက်လာသူများမှာ ရဲအရာရှိများဖြစ်ပြီး ယင်းနောက် လုံခြုံရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်များကမူ ဗုဒ္ဓဓာတ်တော်များ ယခုအပတ် ဆန်တီယာဂိုမြို့တော်သို့ ရောက်ရှိချိန်မှစ၍ အံ့ဖွယ်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ကြောင်း ပြောဆိုကြသည်။

'ဗုဒ္ဓဓာတ်တော်များ မြို့တော်သို့ရောက်ရှိသည့် တိုတောင်းသည့် အချိန်ကာလအတွင်း ဗုဒ္ဓအကြောင်း မသိဖူးကြသည့်ပုဂ္ဂိုလ်များတွင် လုံးဝပြောင်းလဲမှုများကို တွေ့ရကြောင်း၊ ဥပမာအားဖြင့် ကျွန်ုပ်တို့ကို ကူညီစောင့်ရှောက်

သည့် လုံခြုံရေးတာဝန်ခံများနှင့် ကျွန်ုပ်တို့တည်းခိုနေသည့် ဟိုတယ်မှ ဝန်ထမ်းများ၏တုံ့ပြန်မှုမှာလည်း အံ့သြစရာပင် ဖြစ်ကြောင်း’ ပြပွဲဖြစ်မြောက်အောင် စီစဉ်သူ ဟေဒီဒက်ဝစ်လာ (Heidy Dettwiler)က ရိုက်တာသို့ ပြောကြားသည်။

ချီလီနိုင်ငံ၊ ဆန်တီယာဂိုမြို့၌ ပြသခဲ့သည့် ဓာတ်တော်များကိုပင် အာဖရိကိုက် အရှေ့ဖျားရှိ ကင်ညာနိုင်ငံသို့ ပင့်ဆောင်မည်ဖြစ်ကြောင်း ဒေးလီးနေးရှင်းသတင်းစာ (ဇူလိုင် ၃၁၊ ၂၀၀၃)၌ ဖော်ပြခဲ့သည်။ ကင်ညာနိုင်ငံ၌ ပရိုတက်စတင့် ၃၈-ရာနှုန်း၊ ကက်သိုလစ် ၂၈-ရာနှုန်းနှင့် မူဆလင် ၇-ရာနှုန်းနေထိုင်သည်။ ယင်းသတင်းစာ ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

ဗုဒ္ဓဓာတ်တော်များ ထည့်ထားသည့် ဓာတ်တော်ကြုတ်ကို ရှေ့တစ်ပတ်တွင် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ ပြသမည်ဖြစ်သည်။

ယင်းဓာတ်တော်များကို နိုင်ရူဘီမြို့ လိုရေရှိုရိန့်ဂျ်လမ်းရှိ ထေရဝါဒဗုဒ္ဓဘာသာကျောင်းတစ်ခု၌ ဗုဒ္ဓမွေးနေ့၊ သဗ္ဗညုတဉာဏ်ကိုရသည့်နေ့နှင့် ပရိနိဗ္ဗာန်စံသည့်နေ့ကို အထိမ်းအမှတ်ပြုသည့် ဝိဆက်ဒေးကာလအတွင်း ခင်းကျင်းပြသထားမည်ဖြစ်သည်။ ယင်းအခမ်းအနားမှာ အာဖရိကတိုက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်းအခမ်းအနားသည် ၁၉၉၉-ခုနှစ်က ကုလသမဂ္ဂတွင် ကမ္ဘာ့အရေးပါသည့်နေ့အဖြစ် သတ်မှတ်ပေးခဲ့သော ဝိဆက်ဒေးကို အသိအမှတ်ပြုသည့် အထိမ်းအမှတ်လည်း ဖြစ်သည်။ ၇၉-ကြိမ်မြောက် ကမ္ဘာကုလသမဂ္ဂအထွေထွေညီလာခံ၌ ဝိဆက်ဒေးကို ကုလသမဂ္ဂဌာနချုပ်နှင့် ၎င်း၏ အခြားရုံးများ၌ အပြည်ပြည်ဆိုင်ရာက လက်ခံအသိအမှတ်ပြုသည့်နေ့ရက်အဖြစ် ဆုံးဖြတ်အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

ဗုဒ္ဓဓာတ်တော်များကို ထည့်သွင်းထိန်းသိမ်းထားသည့် ဓာတ်တော်ကြုတ်ကိုစောင့်ရှောင့်သူ ဥပသကာ ဆီအန်ဆာအေခန့်သည် ၂၀၀၁-ခုနှစ် ဩဂုတ်လကတည်းက ကမ္ဘာတစ်လွှားသို့ ခရီးလှည့်လည်ခဲ့ပြီးဖြစ်သည်။ ၎င်း၏ခရီးစဉ်မှာ ၂၀၀၄-ခုနှစ်၊ ဝိဆက်ဒေးတွင် ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်၌ ပြီးဆုံးမည်ဖြစ်ပြီး ယင်းဓာတ်တော်များကို ယင်းဌာနချုပ်တွင် အမြဲတမ်း ထိန်းသိမ်းထားမည်ဖြစ်သည်။

နိုင်ရူဘီမြို့၌ သီတင်းသုံးနေထိုင်သူ ထေရဝါဒရဟန်းတော် အရှင်အရိယဝံသအဆိုအရ ဗုဒ္ဓဓာတ်တော်များနှင့်အတူ မစ္စတာဆာအေခန့် ရောက်ရှိလာခြင်းမှာ ဗုဒ္ဓဘာသာဝင်များအဖို့ ဘဝတစ်သက်တာတွင် တစ်ကြိမ်သာ ဗုဒ္ဓဓာတ်တော်များကို နီးကပ်စွာဖူးမြော်ခွင့်ရသည့် အခွင့်အလမ်းဖြစ်သဖြင့် အလွန်အရေးပါသည့် စိတ်ပိုင်းဆိုင်ရာဖြစ်ရပ်တစ်ခု ဖြစ်သည်ဟုဆိုသည်။ ထိုင်း၊ သီရိလင်္ကာနှင့် နီပေါလို ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ၌ လူအများသည် ဓာတ်တော်များကို ဖူးမြော်ရန် နေ့ပေါင်းများစွာ တန်းစီရကြောင်း၊ ဓာတ်တော်များမှာ ဗုဒ္ဓဝါဒ၌ အထူးဟောကြားချက်တစ်ရပ် ဖြစ်ကြောင်း အရှင်အရိယဝံသကဆိုသည်။

ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တော်နိဂုံး၌ ဗုဒ္ဓဓာတ်တော်မွေတော်များ၏ ဂုဏ်ရည်နှင့် ပတ်သက်၍ ရှေးခေတ်သီဟိုဠ်မထေရ်ကြီးများက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ကြသည် -

‘ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤမဟာပထဝီမြေပြင်သည် မြတ်သောဓာတ်တော်ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင် မြတ်စွာဘုရား၏ ဤသရီရဓာတ်တော်ကို မြတ်ထက်မြတ်ဖြစ်သော နတ်လူတို့သည် ကောင်းစွာအရိုအသေပြုကြကုန်၏။

(အကြွင်)သရီရဓာတ်တော်ကို နတ်မင်း နဂါးမင်း လူမင်းတို့သည် ပူဇော်ကြလေပြီ၊ ထိုအတူပင် မင်းထက်မင်းမြတ်တို့သည်လည်း ပူဇော်ကြလေပြီ၊ ထို(သရီရဓာတ်တော်)ကို ရရှိလတ်သော် လက်အုပ်ချီမိုး ရှိခိုးကြကုန်လော့၊ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ် တွေ့ရခဲ၏’ (ဒီ-မြန် ၂၊ ၁၆၀)။

သက်တမ်းတိုသည့် ဗုဒ္ဓဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုပြီးနောက် ဓာတ်တော်မွေတော်များ ကျန်ရစ်ရိုးထုံးစံဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များမှာ မြတ်ဗုဒ္ဓကိုယ်တိုင် ထားပစ်ခဲ့သည့် ဗုဒ္ဓကိုယ်စား အရိုအသေပြုရမည့်အရာဖြစ်သည်။ ‘အသက်ထင်ရှား မြတ်ဘုရား၌ ဖြစ်စေ၊ ပရိနိဗ္ဗာန်စံ ဘုရားရှင်၌ဖြစ်စေ၊ စိတ်ထားညီမျှသော် အကျိုးပေးတူ၏။ စိတ်ထားကောင်းခြင်းကြောင့် သတ္တဝါတို့ ဘဝကောင်းသို့ ရောက်ကြရသည်’။

ဓာတော်မွေတော်များကို ဖူးတွေ့လိုက်ရသည့်ခဏ၌ စိတ်အစဉ်သည် ကြည်နူးဆွတ်ပျံ့၍ သွားနိုင်မည်ဆိုလျှင် ယင်းကြည်လင်သည့် စိတ်ထားသည် မည်သည့်ဘာသာကို ကိုးကွယ်သူအားမဆို တစ်ကိုယ်ရေငြိမ်းချမ်းမှု ပေးပါလိမ့်မည်။ ထို့ကြောင့် ဓာတ်တော်မွေတော်များ ကမ္ဘာအရပ်ရပ်သို့ ကြွချီခြင်းမှာ ငြိမ်းချမ်းသည့် လူ့ဘောင်တစ်ရပ်၏ သင်္ကေတ ဖြစ်လာမည်ဟု ယုံကြည်မိပါသတည်း။

Sources:
*1. Reuters, June 28, 2003*
*2. Daily Nation, July 31, 2003*
*3. The Washington Post, Oct 25, 2003*

------------------------

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ 85282, USA.